ပုံစံ(၁၁)

## ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၃၂/၂၀၁၇)

| | |
|---|---|
| ဦးဝင်းငွေ (ပိုင်ရှင်) ဒေါ်မြမြမွေး (မန်နေဂျာ)(အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊ ရွှေပလ္လင် Tea ဆိုင်၊ အမှတ်-၃ လမ်းမကြီး၊ စက်မှုဇုန် (၂)၊ PT Power စက်ဆီဆိုင်ဝန်း၊ ရွှေပြည်သာမြို့နယ်၊ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးခန့်နိုင်ဖုန်း (ပါ ) အလုပ်သမား (၃)ဦး ၅/၈၊ ကျောက်စိမ်းလမ်း၊ အမှတ်(၃၆၀/က)၊ ရွှေပြည်သာမြို့နယ်။ | လျှောက်ထားခြင်းခံရသူများ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇွန် လ ၁၃ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)လမ်းမကြီး၊ စက်မှုဇုန်(၂)၊ PT Power စက်ဆီဆိုင်ဝန်းရှိ ရွှေပလ္လင် Tea ဆိုင် ပိုင်ရှင် ဦးဝင်းငွေ၊ ဒေါ်မြမြမွေး (မန်နေဂျာ)၊ (အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)နှင့် ဦးခန့်နိုင်ဖုန်း(ပါ ) အလုပ်သမား(၅)ဦးတို့ ဖြစ်ပွားကြသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၄၂/၂၀၁၇)အရ ထိုအငြင်းပွားမှုကိုကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ မေ လ ၂၉ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဦးခန့်နိုင်ဖုန်းပါ (၃) အလုပ်သမား(၅)ဦးမှ တောင်းဆိုခြင်း ခံရသူထံတွင် အလုပ်ထုတ်ခံရသဖြင့် အလုပ်ထုတ်နစ်နာကြေးပေးရန် တောင်းဆိုသည်မှ ဖြစ်ပွား လာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက်(၁) ချက်ပေါ် တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကိုကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဦးခန့်နိုင်ဖုန်းပါ (၃)ဦးတို့သည် နို့တစ်ကြေးနှင့် အလုပ် ထုတ်နစ်နာကြေး ရသင့်/မရသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** (က) ဦးခန့်နိုင်ဖုန်းပါ(၃)ဦးအား နို့တစ်ကြေးတစ်လစာနှင့် လုပ်သက် အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးအား အောက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း ထုတ်ပေးရန်ဆုံးဖြတ်သည်-

| စဉ် | အမည် | လုပ်သက် | နို့တစ်ကြေး (၁)လစာ | အလုပ်ရပ်စဲမှုနစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဦးခန့်နိုင်ဖုန်း | ၂ နှစ် ၄ လ | ၁၈၀,၀၀၀/- | ၂၇၀,၀၀၀/- | ၄၅၀,၀၀၀/- |
| ၂။ | ဒေါ်ဖြူဖြူထွေး | ၉ လ | ၁၅၀,၀၀၀/- | ၇၅,၀၀၀/- | ၂၂၅,၀၀၀/- |
| ၃။ | ဒေါ်ပန်းအိဖြူ | ၈ လ | ၁၄၀,၀၀၀/- | ၇၀,၀၀၀/- | ၂၁၀,၀၀၀/- |
| | စုစုပေါင်း | | ၄၇၀,၀၀၀/- | ၄၁၅,၀၀၀/- | ၈၈၅,၀၀၀/- |

(ခ) လုပ်သက်ခွင့်အတွက် နစ်နာကြေးကို အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးပြီး တွက်ချက်ပေးရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၄၂/၂၀၁၇) ဆုံးဖြတ်ချက် အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင် ဦးဝင်းဒွေးမှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထား လာသဖြင့် အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၇)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၃၂/၂၀၁၇) အား ကြားနာ စစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ အလုပ်သမားကိုယ်စားလှယ် ဦးရဲနိုင်ဝင်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၂၇.၆.၂၀၁၇

၆။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အဆိုပါအမှုတွဲကို လက်ခံရရှိပြီးနောက် ၁၃-၆-၂၀၁၇ ရက်နေ့တွင် အလုပ်ရှင်၊အလုပ်သမားများကိုတွေ့ဆုံစစ်ဆေး၍ ထွက်ဆိုချက်များကို ရယူခဲ့ပါသည်။ မေးမြန်းချက်များကိုဆောင်ရွက်ရာတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးတွင် နှစ်ဖက်ထွက်ဆိုချက် မှတ်တမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ရှေ့မှောက်တွင် ထွက်ဆိုခဲ့သည့်မှတ်တမ်းများနှင့် နှစ်ဦးနှစ်ဖက်တို့မှ တင်ပြလာသော စာရွက်စာတမ်းအထောက်အထားများအပေါ် အခြေခံ၍ ခုံအဖွဲ့အနေဖြင့် အောက်ပါအတိုင်း ကောက်ချက်ကိုပြုစုခဲ့ပါသည်။

**ကောက်ချက်အမှတ်(၁)။** နို့တစ်ကြေးနှင့် အလုပ်ထုတ်နစ်နာကြေးခံစားခွင့် ရထိုက်/မရထိုက်။

**သုံးသပ်ချက်**

၇။ ရွှေပလ္လင်စားသောက်ဆိုင်ပိုင်ရှင် ဦးဝင်းဌေး၏ ထွက်ဆိုချက်အရ ၎င်းအလုပ်သမားများသည် မိမိ၏ရုံးချုပ်ရှိရာ ကမာရွတ်မြို့နယ်၊ ရွှေပလ္လင်ဌာနချုပ်သို့ လာရောက်ဆက်သွယ်ခဲ့ကြောင်း၊ ထိုကာလတွင် မိမိအနေဖြင့် မန္တလေးမြို့နှင့်အထက်ပိုင်းမြို့နယ်များသို့ရောက်ရှိနေ၍ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပါက အငြင်းပွားမှုများကို ဖြေရှင်းပေးမည်ဖြစ်၍ တစ်ပတ်၊ (၁၀)ရက်ခန့် စောင့်ဆိုင်းရန် ပြောကြားသော်လည်း မနွယ်နွယ်လှိုင်သည် ထွက်စာကိုတင်သွင်း၍ အလုပ်မှနုတ်ထွက်သွားခဲ့ပါသည်။ မိမိအနေဖြင့် ၎င်းတို့ရရန်ရှိသည့်ငွေကြေးများကို မထိခိုက်မနစ်နာစေဘဲ ဥပဒေနှင့်အညီလိုက်နာမည်ဖြစ်ကြောင်းနှင့် ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်များကို လိုက်နာမည်ဖြစ်ပါကြောင်း ရှင်းလင်းထွက်ဆိုခဲ့ပါသည်။ မိမိသည် အလုပ်ရှင်ကောင်းတစ်ယောက်ဖြစ်စေရန် ကျင့်ကြံကြိုးစားသကဲ့သို့ အလုပ်သမားများ၏ ဘဝနေထိုင်မှုလုံမှုရှိစေရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါသည်။ မိမိလက်အောက်တွင် အမာခံအလုပ်သမား (၅၀၀)ကျော်နှင့် တစ်နိုင်ငံလုံးရှိ စားသောက်ဆိုင်ခွဲများအပါအဝင် စုစုပေါင်း အလုပ်သမား (၉၀၀)ကျော်ခန့်ကို စီမံခန့်ခွဲရသည်ဖြစ်၍ စားသောက်ဆိုင်လုပ်ငန်းတွင် လာရောက်စားသုံးသူတို့၏ ကျေနပ်နှစ်သက်မှုရှိစေရေးများကိုလည်း အလုပ်သမားများကိုယ်တိုင်က သိနားလည်ပြီး ကြိုးပမ်းဆောင်ရွက်ရန် အသိပညာပေးခြင်း၊ လေ့ကျင့်မှုပြုလုပ်ခြင်းများကို တတ်ကျွမ်းသူပညာရှင်များဖြင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်ဖြစ်၍ ယခုကဲ့သို့ အငြင်းပွားမှုဖြစ်စဉ်ကိုလည်း အဖြစ်မှန်သိရှိနိုင်စေရေးအတွက် ကိုယ်တိုင်လာရောက်၍ ရှင်းလင်းထွက်ဆိုခဲ့ပါသည်။

၈။ အလုပ်သမား ဦးခန့်နိုင်ဖုန်း(ပါ ) (၅)ဦးတို့အနက် ဒေါ်နွယ်နွယ်လှိုင်နှင့် ဒေါ်ချဲဌေးတို့သည် ယခုအမှုတွင် လာရောက်ထွက်ဆိုခြင်းမရှိခဲ့ပေ။ ဦးခန့်နိုင်ဖုန်း(ပါ ) (၃)ဦးတို့သာလျှင် မြို့နယ်နှင့် ခုံသမာဓိအဖွဲ့အဆင့်ဆင့်တို့တွင် လာရောက်ထွက်ဆိုခဲ့ပါသည်။ ဦးခန့်နိုင်ဖုန်းနှင့် ကျန်(၂)ဦးတို့၏ ထွက်ဆိုချက်အရ လတ်တလောတွင် ၎င်းတို့သည် အလုပ်မှရပ်စဲခံခဲ့ရသည်ဖြစ်၍ အလုပ်အကိုင်မရှိ

လူမှုရေးအခက်အခဲများတွေ့နေရပါ၍ အမှုပြီးပြတ်စေရန်အတွက် ယခုလိုအလုပ်ရှင်မှ အယူခံတင်သွင်း
လျှောက်ထားမှုကို ပြန်လည်ထုချေစစ်ဆေးခံရန် လာရောက်ထွက်ဆိုခြင်းဖြစ်ပါကြောင်းနှင့် ခုံသမာဓိ
ကောင်စီ၊ ခုံအဖွဲ့၏ အဆုံးအဖြတ်ကို လိုက်နာမည်ဖြစ်ပါကြောင်း ထွက်ဆိုခဲ့ပါသည်။

၉။ မိမိတို့ ခုံအဖွဲ့အနေဖြင့် အလုပ်ရှင် ဦးဝင်းငွေး၏ ရွှေပလ္လင်စားသောက်ဆိုင်လုပ်ငန်းသည်
အမည်ရလူကြိုက်များသော အောင်မြင်မှုရှိသည့် စားသောက်ဆိုင်လုပ်ငန်းဖြစ်သည်နှင့်အညီ
ဆိုင်အလုပ်သမားများကိုလည်း စည်းကမ်းတစ်ရပ်ချမှတ်ကျင့်သုံး၍ လည်ပတ်လျက်ရှိကြောင်း
လက်ခံယုံကြည်ပါသည်။ ဆိုင်ရှင်ဦးဝင်းငွေး၏ အလုပ်နှင့်အလုပ်သမားများအပေါ် စည်းကမ်းတကျ
အုပ်ချုပ်ခြင်း၊ လစာနှုန်းကောင်းမွန်ခြင်း၊ အရည်အသွေးမြင့်မားသည့် စားသောက်ဖွယ်ရာများကို
စားသုံးသူများထံသို့ ကျေနပ်ဖွယ်ရှိစေရန် ဝန်ဆောင်မှုပေးခြင်းသည် လုပ်ငန်းခွင်အတွင်းရှိ
အလုပ်သမားများ၏ တာဝန်ဖြစ်၍ လုပ်ငန်းခွင်မှပျက်ကွက်၍ အုပ်စုဖွဲ့ရုံးချုပ်သို့ လာရောက်ခြင်းကို
လုပ်ငန်းခွင်ပျက်ကွက်သည်ဟု မှတ်ယူခြင်းသည် သာမန်အားဖြင့် လက်ခံနိုင်ဖွယ်ရှိပါသည်။ တကယ့်
အခြေအနေတွင် ဦးခန့်နိုင်ဖုန်း(ပါ ) အလုပ်သမားများသည် ဒေါ်ဇင်မာအောင် မန်နေဂျာ၏
ဖုန်းနံပါတ်(၀၉-၅၄၀၂၅၈၆)သို့ လုပ်ငန်းခွင်အတွင်းမပြေလည်မှုများကို ရုံးချိန်အတွင်း လာရောက်
တင်ပြမည်ဖြစ်ပါကြောင်း အကြောင်းကြားထားကြောင်းထွက်ဆိုခဲ့သည်ဖြစ်၍ ၎င်းတို့၏ အသိတရား
တွင် လုပ်ငန်းရှင်၊ အထက်မန်နေဂျာများနှင့်တွေ့ဆုံ၍ တင်ပြလိုသောစိတ်ရှိသည်ကို အလေးဂရုပြုရန်
လည်းလိုအပ်ပါသည်။ ဂိတ်ဝတွင် လုံခြုံရေးများနှင့်သာတွေ့ဆုံခဲ့ရပြီး ပိုင်ရှင်နှင့်မတွေ့ခဲ့ရ၍ ကျေနပ်
နှစ်သိမ့်မှုမရရှိဘဲ ယခုလိုအငြင်းပွားမှုပေါ်ပေါက်ခဲ့ပြီး လုပ်ငန်းခွင်မှရပ်စဲခံခဲ့ရသည့်အခြေအနေအထိ
ဆိုက်ရောက်ခဲ့ကြောင်း သုံးသပ်ပါသည်။ အလုပ်ရှင်၏ပုံရိပ်ကောင်းမွန်ခြင်း မျှတသော စိတ်သဘော
ထားနှင့် ကျင့်ကြံမှုရှိခြင်းတို့ကြောင့် အဆိုပါ ဦးခန့်နိုင်ဖုန်းအပါအဝင် အလုပ်သမားများနှင့် တွေ့ဆုံ
ညှိနှိုင်းခဲ့ပါက လုပ်ငန်းခွင်အခြေအနေပြေလည်မှုရရှိပြီး အတိုင်းအတာတစ်ရပ်အထိ ကောင်းမွန်စေခဲ့
မည်ဖြစ်ကြောင်းသုံးသပ်ပါသည်။ နောက်တခါ အလုပ်သမားဆီမှ နှုတ်ထွက်စာကို အလုပ်ရှင်
လက်ဝယ်သို့ တောင်းခံရယူခြင်းမရှိသည့်အတွက် လုပ်ငန်းခွင်မှ နှုတ်ထွက်ပေးခြင်း၊ သတိပေးခြင်း
တစ်စုံတစ်ရာမပြုဘဲ ရပ်နားခဲ့သည့်အတွက် အလုပ်သမားများအနေဖြင့် နစ်နာမှုရှိသည်ဖြစ်၍
ဥပဒေနှင့်အညီ ခံစားခွင့်ရထိုက်ကြောင်းတောင်းဆိုခဲ့ကြသည်ဖြစ်၍ နောက်နောင် အလုပ်ရှင်
အနေဖြင့် အလုပ်ရပ်စဲခြင်း/ ထုတ်ပယ်ခြင်းများကို ငြင်းခုံဖွယ်ရာမရှိစေရေးအတွက် စနစ်ကျနသော
အလုပ်ထွက်စာများကိုရယူ၍ ဆောင်ရွက်မှတ်တမ်းတင်ခြင်း ပြုသင့်ကြောင်းသုံးသပ်ပါသည်။
သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်သည် ဥပဒေနှင့်ညီညွတ် ဆီလျော်
သဖြင့် အလုပ်သမားများ၏ လတ်တလောအလုပ်လက်မဲ့ဘဝတွင် ခံစားခွင့်ရှိသည့် နစ်နာကြေးများ
ဖြင့်ရပ်တည်နိုင်ရန် ဥပဒေအရခံစားခွင့်ရှိသည့် နို့တစ်ကြေး၊ အလုပ်ထုတ်နစ်နာကြေးများကို ခံစားခွင့်

ပြုသင့်ကြောင်း သုံးသပ်ပါသည်။ လုပ်သက်ခွင့်နှင့်ပတ်သက်၍ ခံစားခွင့်များကို သက်ဆိုင်ရာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ ဆက်သွယ်၍ ဆောင်ရွက်သင့်ကြောင်း သုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ၂၉-၅-၂၀၁၇ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၄၂/၂၀၁၇) ဆုံးဖြတ်ချက်အား အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၀။ အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း(၃၀)ရက်အတွင်း ပေးရမည်။

| | | |
|---|---|---|
| ဦးမောင်မောင်ဝင်း | ဦးသောင်းစိန် | ဦးရဲနိုင်ဝင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |